# ရှမ်းပြည်သူလူထုများမှ IFC ၏ နမ္မတူမြစ်ခေါ် မြစ်ငယ်မြစ်ပေါ် ရေကာတာများတည်ဆောက်ရန် ဦးတည်ဖော်ဆောင်နေသောအစီအစဉ်များ ရပ်ရန်တောင်းဆိုခြင်း

၁၂ စက်တင်ဘာလ ၂၀၁၉

သို့

International Finance Corporation (IFC),

ယနေ့ IFC မှ တောင်ကြီးတွင် ကျွန်ုပ်တို့၏ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တည်ရှိသော မရှိမ ဖြစ်အမေကဲသို့အရေးကြီးသည့် နမ္မတူမြစ်ခေါ် မြစ်ငယ်မြစ်ပေါ်တွင်  ရေကာတာများ တည် ဆောက်ရန် ဦးတည်ဖော် ဆောင်နေသော အများပြည်သူတွေ့ဆုံပွဲကို ကျွန်ုပ်တို့ တာလုံ ကျေးရွာသူ/သားများနှင့် ရှမ်းပြည် သူလူထုများအတွက် လိုအင်ဆန္ဒနှင့် လိုအပ်ချက်များ ဆန် ကျင်ဖက်ဖြစ်သောကြောင့် လွန်စွာစိုးရိမ်ပူပန် မိသောကြောင့် စာရေးပို့ရခြင်းဖြစ်ပါသည်။

နမ္မတူခေါ်မြစ်ငယ်မြစ်သည် ဌာနေပြည်သူလူထုထောင်ပေါင်းများစွာ မြစ်ကမ်းဘေး တစ် လျှောက် တွင်မျိုး ဆက်ပေါင်းများစွာ မြစ်ကိုအခြေပြုပြီ စိုက်ပျိုးရေး၊ တံငါသည်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် မရေမတွက်နိုင်သောအခြားလိုအပ်ချက်ပေါင်းမြောက်များစွာသည်ကျွန်ုပ်တို့ဘဝရပ်တည်နိုင်ရေးအတွက် အရေးပါလှသောအရင်းအမြစ်ဖြစ်ပြီး မှီခိုလုပ်ကိုင် စားသောက် နေထိုင်လာခဲ့သည်။

ကျွန်ုပ်တို့ဘဝရှင်သန်နိုင်ရေးအတွက်နမ္မတူမြစ်သည် ကျွန်ုပ်တို့၏သွေးကြော၊ ကျွန်ုပ်တို့၏နှလုံးသားသား မရှိမဖြစ် လိုအပ်သောမြစ်တစ်စင်းဖြစ်သည်။ ၎င်းမြစ်သည် ကျွန်ုပ်တို့စဉ်ဆက် အကျိုး ပြုခဲ့ခြင်း၊ ကျွန်ုပ် တို့၏ မိဘ၊ ကျွန်ုပ်တို့ကယ်တင်ရှင်နှင့် ကျွန်ုပ်တို့၏ အနာ ဂတ် ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင်အထက်ရဲရွာစီမံကိန်းစတင်အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့အားအသိပေး ခြင်း ဆွေးနွေးတိုင်ပင်ခြင်း မရှိခဲ့ပေ။ ၂၀၁၄ ခုနှစ်မှ ရေကာတာဆောက်လုပ်ခြင်း ကြောင့် ကျွန်ုပ်တို့ရွာ သူရွာသားများ ရွှေ့ပြောင်းပေးရမည်ဟု တရားဝင် ပြောဆိုခဲ့သည်။ ရေကာတာအကြီးစား ဆောက်လုပ် နေခြင်းကြောင့်  ကျွန်ုပ်တို့ထိခိုက်လာမည်ဟုစစခြင်းသိရှိရကတည်းက ကျွန်ုပ်တို့ရပ်ရွာများ၊ လူနေ  မှုဘဝ၊ ဘာသာရေးအဆောက်အအုံ နေရာ များ နှင့် ကျွန်ုပ်တို့သဘာဝပတ်ဝန်းကျင်တို့ကို  ထိခိုက်လာ မည့် အန္တရာယ် ကာကွယ်နိုင်ရန်နှင့် ၎င်းစီမံကိန်းရပ်တန့်ရန်အတွက် နည်းလမ်းပေါင်းစုံ ကြိုးပမ်းလုပ် ဆောင်ခဲ့ပါသည်။

နမ္မတူမြစ်တစ်လျှောက်တွင် ဗမာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များကြား စစ်အ ပူပြင်းဖုံဖြစ် နေသည်ကို မကြာခဏ ထုတ်ဖော်ပြောပြခဲ့သည်။ ၎င်းနေရာတွင်ယခုရေကာတာ များ ဆောက် ရန်အတွက်လုံးဝမသင့်လျှော်ပါ။

မကြာသေးခင်က ဩဂုတ်လ ၁၅ ရက်နေ့ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြစ်တစ်လျှောက်ရှိ နောင်ချိုကျောက်မဲနှင့် အခြားသော မြို့နယ်များသည် တိုက်ပွဲများဖြစ်ပြီး ဒေသခံ ၅၀၀၀ ကျော်စစ်ဘေးရှောင်ခဲ့သည့်ကို လူကြီးမင်းများ သိရှိပါလိမ့်မည်။ ကျွန်ုပ်တို့ ပြည်သူလူ ထုများ နေအိမ်သို့စွန့်ခွာထွက် ပြေးနေရချိန်နှင့် လက်ရှိအန္တရာယ်များလှသော နေရာဒေသထဲတွင် ရေကာတာများတည်ဆောက်ရန် ဦးတည်ဖော်ဆောင်နေသောအစီအစဉ်များကို မည်သို့ဖော် ဆောင်နေ နိုင်သနည်း။

ထို့ကြောင့် ကျွန်ုပ်တို့ချစ်လှစွာသောနမ္မတူမြစ်ပေါ် ရေကာတာများတည်ဆောက်ရန် ဦးတည်ဖော်ဆောင်နေသောအစီအစဉ်များကို ရပ်တန့်ရန် အိတ်ဖွင့်စာ ပို့ပေးရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တောင်းဆိုခြင်းကို လူကြီးမင်းတို့အစီအစဉ်တွင် ထည့်သွင်းစဉ်းစားပေး မည်ဟု မျှော်လင့်ပါသည်။

**လေးစားလျှက်**

တာလုံကျေးရွာနှင့် ရှမ်းပြည်သူလူထုများ


**ဆက်သွယ်ရန်**

| | |
|---|---|
| နန်းလောဝ်ခမ်း | ၀၉ ၇၇၃၁၆၄၅၄၁ |
| စိုင်းထမ်အိုက် | ၀၉ ၄၅၃၁၃၂၇၅၅ |
| Email: | thumai10@gmail.com |